□改編自：_____

■自編

108年新北市各級學校東南亞語文競賽
團體朗讀文稿 緬甸 語 國小 組 B-1

A: မင်္ဂလာပါ။သင်ရဲ့ ကျောင်းကို ကြိုက်နှစ်သက်ပါသလားလို့ မေးပါရစေ။

B: ကြိုက်နှစ်သက်ပါတယ်။ကျွန်တော်/မ ရဲ့ကျောင်းက အရမ်းလှလို့ပါ။

A: သင်ရဲ့ ကျောင်းတွင်းမှာ လှုပတဲ့အရာ ဘာတွေ ရှိပါသလဲ။

B: ကျွန်တော်/မ ရဲ့ကျောင်းတွင်းမှာ အနီရောင်ပန်း၊အဝါရောင်ပန်းနဲ့
အစိမ်းရောင်မြက်ခင်းရှိပါတယ်။ဆော့လို့ကောင်းတဲ့ လျှောနဲ့ ဒန်းရှိပါသေးတယ်။

A: ကျွန်တော်/မ ရဲ့ကျောင်းတွင်းမှာ လှုပတဲ့စာကြည့်တိုက်ရှိပါတယ်။အထဲမှာ သကြားလုံးနဲ့
အလှဆင်ထားပါတယ်။သက်တောင့်သက်သာ ထိုင်လို့ကောင်းတဲ့ဆိုဖာနဲ့
ချစ်စရာကောင်းတဲ့ ဆင်ပုံထိုင်ခုံလည်း ရှိပါသေးတယ်။
သင်ကျောင်းမှာ ဘာလုပ်တာ ကြိုက်နှစ်သက်ပါသေးသလဲ။

B: ကျွန်တော်/မ အားလပ်ချိန်မှာ အတန်းဖော်များနဲ့ အတူကစားတာ ကြိုက်ပါတယ်။
ကျွန်တော်/မတို့ အမြဲလိုလို ဘောလုံးပုတ်တမ်းကစားခြင်းနဲ့ အပြေးပြိုင်ကြပါတယ်။
သင်ရောကျောင်းမှာ ဘာလုပ်ပါသလဲ။

A: ကျွန်တော်/မ ရောင်စုံခဲတံနဲ့ ပုံဆွဲတာ ပိုနှစ်သက်ပါတယ်။ဒါမှမဟုတ် စာကြည့်တိုက်မှာ
စာသွားဖတ်ပါတယ်။ပြီးတော့ ကျွန်တော်/မ နေတိုင်း အာဟာရရှိတဲ့ နေ့လည်စာကို
မျှော်နေမိပါတယ်။

B: ကျွန်တော်/မလည်း အတူတူပါပဲ။ ကျွန်တော်/မ ဆန်ကြမ်းထမင်းနဲ့ ကြက်ပေါင်နှပ်၊
ဟင်းသီးဟင်းရွက်နဲ့ မုန်လာဥ ဝက်သားလုံးဟင်းချိုကို အရမ်းကြိုက်နှစ်သက်ပါတယ်။

A: ဝါး။ သင်တို့ရဲ့ အာဟာရရှိတဲ့ နေ့လည်စာက ကောင်းလိုက်တာ။

ကျွန်တော်/မ နှစ်သက်တဲ့ဟင်းကမုန်လာဥနီကြက်ဥကြော်၊စားချာအသားပြုတ်နဲ့

ပြောင်းဖူးဟင်းချိုပါ။

B: ကျွန်တော်/မတို့ အတန်းက နေ့တိုင်း အာဟာရနေ့လည်စာကို ကုန်အောင်စားပါတယ်။

ဆရာ/မက ကျွန်တော်/မတို့ကို တော်တယ်လို့ ပြောပါတယ်။

A: ကျွန်တော်/မတို့ အတန်းလည်းအတူတူပါပဲ။ ဆရာ/မက

ဟင်းတွေကိုကုန်အောင်စားရမယ်။ဒါမှ အစားအစာကို တန်ဖိုးထားတဲ့ လိမ္မာတဲ့

ကလေးများလို့ ပြောပါတယ်။

B: မှန်လိုက်တာ။ ဒီနေ့ ကျွန်တော်/မ နဲ့ အဖော်လုပ်ပြီး စကားပြောပေးတဲ့အတွက် အရမ်းပဲ

ကျေးဇူးတင်ပါတယ်။ တာ့တာ။

A: တာ့တာ။